ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်
ကော်သူးလေ
www.knuhq.org

## ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ကြီးစောမူးတူးစေးဖိုး မှ (၇၃)ကြိမ်မြောက် ကရင်အမျိုးသားနေ့သို့ ပေးပို့သောသဝဏ်လွှာ

ရက်စွဲ -၂၇၆၀ ခု၊ သလေလကွယ်
- ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၁)ရက်

**ကရင်အမျိုးသားများအပေါင်းတို့ ..**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ(၁၁)ရက်နေ့သည် (၇၃)ကြိမ်မြောက်"ကရင်အမျိုးသားနေ့"ဖြစ်ပါသည်။ ယနေ့ကျရောက်သော (၇၃)ကြိမ်မြောက် ကရင်အမျိုးသားနေ့ သည် ကရင်တစ်မျိုးသားလုံး ဘေးရန်အပေါင်းမှ ကင်းဝေးကြပါစေ၊ ကြီးပွါးတိုးတက်ပါစေ၊ ကရင့်သွေး ကရင့်မာန် အပြည့် ရှိကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။ "ကရင်အမျိုးသားနေ့"သည် ကရင့်သမိုင်းတစ်လျှောက်တွင် ကရင်အမျိုးသားများ၏ စည်းလုံးညီညွတ်မှု၊ ရပ်တည်ခံယူချက်၊ လိုအင်ဆန္ဒ များ ကို ပထမဦးစွာ ထုတ်ဖော်ပြသသည့် သမိုင်းဝင်နေ့တနေ့ဖြစ်ပါသည်။

ကရင့်သမိုင်းတလျှောက်လုံးတွင် ကရင်လူမျိုးများသည် စစ်အာဏာရှင်စနစ် အဆက်ဆက် ၏ ဖိနှိပ်အုပ်ချုပ်မှု နည်းမျိုးစုံဖြင့် အတင်းအဓမ္မခိုင်းစေခြင်း၊ ကျွန်ပြုခြင်း၊ အကြမ်းဖက်အနိုင်ကျင့်ခြင်း စသည်တို့ကြောင့် လူမျိုးတစ်မျိုး အဖြစ်ရပ်တည်နိုင်ရန် အလွန်ပင် ခက်ခဲ့ကြမ်းတမ်းခဲ့ပြီး၊ အထက်ပါ ဖိနှိပ်အုပ်ချုပ်မှုများ မှ လွတ်မြောက်ရန် အတွက် တောကြိုတောင်ကြား၊ လျို့မြောင်ချိုင့်ဝှမ်းများ၌ ပြေးလွှားပုန်းရှောင် နေထိုင်ခဲ့ကြရပြီး လူရိုင်းများသဖွယ် ခွဲခြား ဆက်ဆံ ခံခဲ့ကြရပါသည်။

မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ် လက်အောက်သို့ ကျရောက်ပြီးနောက် အနောက်တိုင်း သာသနာပြု အဖွဲ့များ မြန်မာပြည်တွင်းသို့ ဝင်ရောက်သာသနာပြု ရင်းပင် ဌာနေ ကရင်လူမျိုးများ အတွက် စာပေကို ပြန်လည် ဖော်ထုတ်ပေးခြင်း၊ စာသင်ကျောင်းများ ဖွင့်လှစ်ပေးခြင်းများ ပြုလုပ်ပေးခဲ့ကြပါသည်။ ကရင်လူမျိုးများ အနေဖြင့် ပညာသင်ကြားခွင့် ရခဲ့သည်သာမက အသိပညာ အတတ်ပညာများ တိုးပွားပြီး ပြည်ပ ပညာတော်သင်ခွင့် များကိုပါ ရရှိခဲ့ကြသည် အထိ ပညာရှင်များ ပေါ်ထွန်းခဲ့ပါသည်။ ထိုမှတဆင့် မျက်စိပွင့် နားစွင့်လာကြပြီး အမျိုးသားဖွံ့ဖြိုး တိုးတက်ရေး ကို လှုပ်ရှားရုန်းကန်လာခဲ့ ကြပါသည်။ ကရင်အမျိုးသားခေါင်းဆောင်များ စုစည်းပြီး ပထမဆုံးသော အသင်းအဖြစ် "ကရင်အမျိုးသားအသင်း" ကို စတင် တည်ထောင်ခဲ့ကြပါသည်။

ကရင်လူမျိုးများသည် နိုင်ငံရေးအမြင်ရှိလာသည်နှင့်အမျှ နိုင်ငံရေးလှုပ်ရှားမှုများကိုလည်း စုပေါင်းလုပ်ဆောင် လာနိုင်ခဲ့ပါသည်။ နိုင်ငံရေးလိုအပ်ချက်များ အရလည်း အမျိုးမျိုးသော ကရင်အဖွဲ့အစည်းများ ကို ထပ်မံ ဖွဲ့စည်း ခဲ့ကြပါသည်။ သမိုင်းဖြတ်သန်းမှု တလျှောက် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အခက်အခဲ၊ အတွေ့အကြုံများ ကြောင့် အမျိုးသား ခေါင်းဆောင်များ သည် လူမျိုးတစ်မျိုး အဖြစ်ရပ်တည်နိုင်ရန်၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရန် အတွက် သီးခြားသော ပြည်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိသော ပြည်နယ် တစ်ခု လိုအပ်ကြောင်း သိမြင်လာရပါသည်။ ကရင်အဖွဲ့အစည်းများ အနေဖြင့် ပြည်နယ် ရရှိရန်၊ အသိအမှတ်ပြုပေးရန် အင်္ဂလိပ် အစိုးရထံတွင် တောင်းဆို

ခဲ့ကြပါသည်။ သို့သော်လည်း နယ်ချဲ့အစိုးရ အနေဖြင့် ကရင်ပြည် မပေးခဲ့၊ အသိအမှတ်မပြုခဲ့ သည့်အပြင် မြန်မာပြည်အား လွတ်လပ်ရေး ပေးချိန်တွင် ကရင်အမျိုးသား များအတွက် မည်သည့် အခွင့်အရေးမျှ မပါရှိခဲ့ သောကြောင့် ကရင်အမျိုးသားထု တရပ်လုံးအနေဖြင့် သီးသန့် ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်လာပါတော့သည်။ ကရင် အမျိုးသားများ၏ နိုင်ငံရေးဆန္ဒနှင့်နိုင်ငံရေးမျှော်မှန် ချက်များ ပြီးပြည့်စုံရန်အတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၅) ရက် နေ့တွင် ကရင်အဖွဲ့အစည်းများအားလုံး စုပေါင်းပြီး **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး** ကို ဖွဲ့စည်း တည်ထောင်လိုက်သည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးကို ဖွဲ့စည်းတည်ထောင်ပြီး တာဝန်ပေးချက်အရ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ၏ ရပ်တည်ချက် နှင့် လုပ်ဆောင်မှုများသည် ကရင်ပြည်ရရှိရန်နှင့် အခွင့် အရေးများ ရရှိရန်ဖြစ်သည်။

ကရင်ပြည်သူလူထု လိုလားသော ကရင်ပြည်တောင်းဆိုရန် အတွက် ၁၉၄၈ ဖေဖော်ဝါရီလ (၁၁)ရက်နေ့တွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ စည်းရုံးဦးဆောင်မှုဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ကရင်အမျိုးသားများ စုစည်းပြီး ကရင်အမျိုးသားများအလံတော်ကို ကိုင်ဆောင်လျက် -

(၁) ကရင်ပြည် ချက်ချင်းပေး။

(၂) ကရင် တစ်ကျပ် ဗမာတစ်ကျပ် ချက်ချင်းပြ။

(၃) ပြည်တွင်းစစ်အလိုမရှိ။

(၄) လူမျိုးရေးအဓိကရုဏ်းအလိုမရှိ။ ဟူသော ကြွေးကြော်သံ (၄)ရပ် ကို ကြွေးကြော်ခဲ့ကြပါသည်။

အဆိုပါ ကြွေးကြော်သံ (၄)ရပ်သည် လွတ်လပ်ခြင်း၊ တန်းတူညီတူအခွင့်အရေး ရရှိခြင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေ ထိုင်ခြင်း၊ လေးစားအသိအမှတ်ပြုခြင်း စသည်တို့ကို ရည်ရွယ်ခြင်း ဖြစ်ပြီး ကရင်အမျိုးသားများ၏ နိုင်ငံရေးဆန္ဒပင် ဖြစ်သည်။

ဤနေ့သည် မိမိတို့ ကရင်အမျိုးသားများ၏ စည်းလုံးညီညွတ်မှုအပြင် နိုင်ငံရေးဆန္ဒနှင့် နိုင်ငံရေးရည်မှန်းချက်များကို ပထမအကြိမ် ထုတ်ဖော်ပြသခဲ့သော သမိုင်းဝင်နေ့တစ်နေ့ဖြစ်ပါသည်။ ထိုအတူ ကရင်အမျိုးသားများ၏ သမိုင်းတစ်လျှောက်တွင် အောက်မေ့သတိရ ဂုဏ်ပြုကျင်းပနိုင်ရန်အတွက် ၁၉၅၃ ခုနှစ် နိုဝင်ဘာလ (၂၃) ရက် မှ (၂၅) ရက်အထိ ပထမဆုံးအကြိမ်ကျင်းပခဲ့သော ကော်သူလေးကွန်ဖရင့် ၌ "ကရင်အမျိုးသားနေ့ "အဖြစ်အတည်ပြု သတ်မှတ်ခဲ့ကြပါသည်။

**ကရင်အမျိုးသားများအပေါင်းတို့ ..**

ကရင်လူမျိုးသည် လူမျိုးတစ်မျိုးဖြစ်သည့် အားလျော်စွာ လူမျိုးတစ်မျိုး၏ ဝိသေသ လက္ခဏာရပ်များ ဖြစ်သော သမိုင်း၊ ဘာသာစကား၊ စာပေ၊ ရိုးရာဓလေ့၊ ယဉ်ကျေးမှုများ အပြင် လူမျိုးတစ်မျိုးအသက်မွေးဝမ်းကြောင်းနှင့် နေရပ်ဒေသများ အသီးသီး တွင် လူမျိုးတမျိုးအနေဖြင့် ရပ်တည်လျက်ရှိပါသည်။ ထို့အပြင် ကရင်အမျိုးသားနှစ်သစ်ကူးနှစ်၊ ကရင် အမျိုးသားလံတော်နှင့် ကရင်အမျိုးသားသီးချင်းများသည် ကရင်အမျိုးသားများ၏ သီးခြားလူမျိုးတစ်မျိုး၏ ဂုဏ်အင်္ဂါရပ် များဖြစ်ပါသည်။ ကရင်အမျိုးသားများသည် လူမျိုးတစ်မျိုးကဲ့သို့ ရှင်သန်ရပ်တည်ပြီး အဖက်ဖက်မှ ဖွံ့ဖြိုးတိုးတက်ရန်အတွက် **"လွတ်လပ်မှု၊ တန်းတူမှု နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်"** ရရှိရန်လိုအပ်ပါသည်။၎င်းအခွင့်အရေးများကို တိုင်းပြည်တပြည် ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းရမည်ဖြစ်သည်။

ကရင်အမျိုးသားများ၏ လိုအင်ဆန္ဒနှင့် တောင်းဆိုချက်များကို ပြီးမြောက်အောင်မြင်စေရန် စတင်ဖွဲ့စည်းပြီး တာဝန်များကိုပေးအပ်ထားသည့်အတိုင်း ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး သည် နိုင်ငံရေးနည်းလမ်းအပြင် ခုခံတော်လှန်ရေးနည်းဖြင့် ယနေ့အထိတိုင် အစဉ်တစိုက် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ၏ ဦးဆောင်မှုဖြင့် ကရင်အမျိုးသားများ၏ နိုင်ငံရေးလိုအင်ဆန္ဒများ ပြီးမြောက်အောင်မြင်စေရန်အတွက် ကရင်အမျိုးသားများ၏ မြောက်များစွာသော အသက်၊ သွေး ချွေးနှင့် ကိုယ်လက်အင်္ဂါများအပြင် ဥစ္စာနေ များကိုလည်း ပေးဆပ်ခဲ့ကြရပါသည်။ ယနေ့ထိတိုင် မိမိတို့ ကရင်အမျိုးသားများ ၏ ရည်မှန်းချက်ပန်းတိုင်များမှာ ပြီးမြောက်အောင်မြင်မှုများ မရရှိသေးသည့် အတွက် ဆက်လက်ကြိုးပမ်းအားထုတ်နေရန် လိုအပ်ပါသည်။

၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ (၁၁)ရက်နေ့တွင် ကရင်အမျိုးသားများ၏ အမျိုးသားရေး ဂုဏ်အင်္ဂါလက္ခဏာရပ်များ နှင့် လိုအင်ဆန္ဒများကို စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ထုတ်ဖော်ပြသခဲ့ကြသည့် နည်းတူ ယခုလက်ရှိ ကရင်အမျိုးသားများမှလည်း မိမိတို့ အမျိုးသားများ၏ ဂုဏ်အင်္ဂါရပ်များကို ဆက်လက်ထိန်းသိမ်းမြင့်တင်မှု များဖြင့် ပြီးမြောက်အောင် မြင်စေရေးအတွက် ကြိုးပမ်း အားထုတ်ကြရန်လိုပါသည်။ ထိုနည်းတူစွာပင် လူမျိုးတစ်မျိုးအဖြစ် ရှင်သန် ရပ်တည်ပြီး ဖွံ့ဖြိုးတိုးတက်နိုင်ရန် ကရင်လူမျိုး တစ်ဦးချင်းစီတိုင်း ၏ နှလုံးသားတွင် မိမိလူမျိုး၏ ဂုဏ်အင်္ဂါလက္ခဏာရပ်များ စီးဆင်းကိန်းအောင်း နေကြရပါမည်။

ကရင်အမျိုးသားများ၏ လိုအင်ဆန္ဒနှင့် တောင်းဆိုချက်များကို ပြီးမြောက်အောင်မြင်စေရန် ကရင်အမျိုးသားတိုင်း၊ကရင်အမျိုးသားလက်နက်ကိုင် အဖွဲ့အစည်းတိုင်းနှင့် ကရင်အမျိုးသားနိုင်ငံရေးပါတီများ၊လွတ်လပ်သော ကရင်အဖွဲ့အစည်းများမှ စုစုစည်းစည်းဖြင့် မိမိတို့၏ အင်အား၊ကိုယ်စွမ်းဉာဏ်စွမ်းရှိသည့်အတိုင်း ကျရာအခန်းကဏ္ဍတွင် ကြိုးစားအားထုတ်ရန်လိုအပ်ပါသည်။ နိုင်ငံရေး အချိုးအကွေ့ အပြောင်းအလဲများ အရ အမျိုးသားရေး လိုလားချက်များအတွက် ပြန်လည် စုစည်းပြီး ပေးဆပ်ထမ်းဆောင်ရန် အချိန်သင့်ပြီ ဖြစ်ပါသည်။ ထို့ကြောင့် တထောင့်တနေရာ မှ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ဖြင့် ပါဝင်ကြရန်၊ လမ်းကြောင်း မျိုးစုံမှ တစ်ခုတည်းသော ပန်းတိုင်ကို လှမ်းချီ နေရန်၊ အခွင့်အရေးများ ရှိလျှင် ရှိသည့်အတိုင်း လုပ်ဆောင်သင့်ပြီ ဖြစ်ပါသည်။ မည်သို့ မည်ပုံ လုပ်ဆောင်နေစေကာမူ ဦးတည်ချက်မှာ ကရင်အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင် ဖြစ်ပြီး အလံတော် တစ်ခုတည်း၏ အောက်တွင်လည်း သစ္စာရှိစွာဖြင့် ပါဝင်ချိတ်ဆက် ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ပါသည်။

ယခု လက်ရှိ အခြေအနေသည် ကရင်လူမျိုး အပြင်၊ အခြားသော တိုင်းရင်းသားလူမျိုးစုများ အတွက်လည်း စိန်ခေါ်ချက်များ ပြည့်နေသည့် အချိန်ဖြစ်ပါသည်။ စစ်တပ်၏ အာဏာသိမ်းမှုသည် ကရင်အမျိုးသားအစည်းအရုံး ကဲ့သို့ပင် တိုင်းရင်းသားလူမျိုးများ အားလုံး၏ ရည်မှန်းချက် ပန်းတိုင်ဖြစ်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် နှင့် ကြိုးပမ်းဆောင်ရွက်ရန် တို့နှင့် လုံးဝဆန့်ကျင်ဘက် ဖြစ်နေပါသည်။ တိုင်းရင်းသားလူမျိုးများ အနေဖြင့် မဟာလူမျိုးကြီးဝါဒ နှင့် စစ်အာဏာရှင်စနစ် ၏ အုပ်ချုပ်မှုအောက်တွင် ကျရောက်နေကြရခြင်း၊ အခြားသော မျိုးနွယ်စုများ အနေဖြင့် လည်း ဆိုးဝါးသည့် စစ်အုပ်ချုပ်ရေးစနစ် အောက်တွင် ကျရောက်နေရခြင်း သည် ဒီမိုကရေစီ နည်းလမ်းမှ သွေဖီနေပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှု ကိုလည်း လုံးဝ အဟန့်အတား ဖြစ်စေပါသည်။ ထို့ကြောင့် အတူတကွ စုပေါင်းလုပ်ဆောင်ရန်၊ အာဏာရှင်စနစ် လုံးဝချုပ်ငြိမ်းသွားစေရန် အတွက် ညီညွတ်စွာဖြင့် တွန်းလှန် ဖြိုဖျက်ရန် အချိန်ကျရောက်ပြီ ဖြစ်ပါသည်။ ကရင်လူမျိုးများ အနေဖြင့် မည်သည့်နေရာ၊ မည်သည့် အခန်းကဏ္ဍ၊ မည်သည့် နိုင်ငံများ ၌ ရှိနေသည် ဖြစ်ပါစေ၊ မိမိတို့လူမျိုးစု ၏ ဖိနှိပ်ခံရ ခြင်း မှ လွတ်မြောက်နိုင်ကြပြီး အခြားသော တိုင်းရင်းသားလူမျိုးများလည်း အတူတကွ တိုးတက်ဖွံ့ဖြိုးစေရန် တတ်စွမ်းသမျှ အခွင့်အခါသင့်သမျှ ချိတ်ဆက်ပါဝင် သင့်ပြီ ဖြစ်ပါသည်။

**ကရင်အမျိုးသားများအပေါင်းတို့ ..**

နောက်ဆုံးအနေဖြင့် မိမိတို့ ကရင်အမျိုးသား ခေါင်းဆောင်များ၊ စစ်သည်တော်များ၊ မိဘပြည်သူများ၊ လူငယ်ခေါင်းဆောင်များနှင့် အနာဂါတ်မျိုးဆက်သစ်ခေါင်းဆောင်များအား ယခုကဲ့သို့သော ကရင်အမျိုးသားနေ့တွင် ကရင်အမျိုးသားများ၏ ခံယူချက်နှင့်ကရင်အမျိုးသားများ၏ ဝိသေသ လက္ခဏာများ၊ ဂုဏ်အင်္ဂါရပ်များ၊ စည်းလုံးညီညွတ်မှုများကို ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ(၁၁)ရက်နေ့တွင် ထုတ်ဖော်ပြသခဲ့သည့်နည်းတူ ကရင်အမျိုးသားများ၏ နိုင်ငံရေး ရည်မှန်းချက်များ၊ ကရင်အမျိုးသားများ၏ လိုအင်ဆန္ဒများ၊ ကရင်လူမျိုးအဖြစ် အစဉ်ထာဝရ ရှင်သန်ရပ်တည် ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းအား ထုတ်သွားကြရန် တိုက်တွန်း ရင်းနှီးချုပ်အပ်ပါသည်။

**ကျေးဇူးတင်ပါသည်။**

*********     *********     *********